# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## လူထုဆက်ဆံရေးအတွက်အကျိုးရှိသောနည်းဗျူဟာနှင့် သက်ဆိုင်သည့်ပထမဆုံးအကြိမ်အစည်းအဝေး (၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၈ရက်)




၂၀၁၈ခုနှစ်၊ဖေဖော်ဝါရီလ(၈)ရက်နေ့တွင်ဂျိုက်ကာ၏လူထုဆက်ဆံရေးအကြံပေးသည်လူထုဆက်ဆံရေး(PR)၏နည်းဗျူဟာနှင့်အပြန်အလှန်အကျိုးသက်ရောက်မှုရှိခြင်းအကြောင်းအလုပ်ရုံဆွေးနွေးပွဲကိုဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏စီစဉ်မှုဖြင့်ပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့(၁၅)ဦးခန့်တက်ရောက်ခဲ့ကြပြီးလူထုဆက်ဆံရေးအကြံပေးမှမိတ်ဆက်စကားပြောကြားကာအတွေ့အကြုံများကိုဝေမျှခဲ့ပါသည်။ထို့နောက် PR၏အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ PRအဖွဲ့၏လုပ်ငန်းများနှင့်မီဒီယာအမျိုးအစားများကိုရှင်းလင်းတင်ပြခဲ့ပါသည်။ PR၏အားသာချက်၊အားနည်းချက်များပါဝင်သည့်ဆောင်ရွက်ချက်ဥပမာများအားသက်ဆိုင်ရာဓာတ်ပုံများနှင့်အတူရှင်းလင်းခဲ့ပြီးတက်ရောက်လာသူများနှင့်ဆွေးနွေးခဲ့ကြပါသည်။ဤဆွေးနွေးပွဲတွင်လူထုဆက်ဆံရေးအကြံပေးမှသီလဝါSEZနှင့်သက်ဆိုင်သောPR၏ဆောင်ရွက်ချက်များအပေါ် အကြံပေးခဲ့ပြီးဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့မှလည်းသီလဝါSEZတွင်PRအဖွဲ့ ဖွဲ့စည်းသင့်ကြောင်းအကြံပြုတင်ပြခဲ့ကာဖွဲ့စည်းပြီးလျှင်လည်းနည်းပညာပိုင်းဆိုင်ရာကိစ္စများအားကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ဆွေးနွေးပွဲအပြီးတွင်တက်ရောက်သူများသည်လူထုဆက်ဆံရေးဆောင်ရွက်ချက်များ၏အရေးကြီးသောအခန်းကဏ္ဍများကိုသိရှိနားလည်ခဲ့ကြပါသည်။

## Kick-off workshop on effective and strategic Public Relation (08th February, 2018)




On 08th February, 2018, JICA's Public Relation (PR) advisor made a workshop on strategic and interactive PR at TSMC, organized by JICA Expert Team. 15 participants including TSMC, MJTD and JET members attended the workshop. Firstly, PR advisor introduced and shared his experiences as a journalist in Japan and Myanmar. Then he gave the explanations about the meaning of PR, the purpose of PR, the function of PR team and the types of media. Continuously, the examples of PR activities including weak and strong points were explained with the evident photos and discussed with the participants together. During the workshop, advisor gave the suggestions on PR activities concerned with TSEZ. JET also suggested that TSEZ should establish the PR team and will support technically after set up the team. After the discussion, TSMC understood that the important roles of PR activities.

## ဇုန်ဘီ ပြန်လည်နေရာချထားရေးနေရာရှိ အိမ်သာများ၏ အခြေအနေအားစစ်ဆေးခြင်းနှင့်ပြန်လည်ပြုပြင်ခြင်း (၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၈ရက်)




၂၀၁၈ခုနှစ်၊ဇန်နဝါရီလ(၂၆)ရက်နေ့တွင်TSMCမှတာဝန်ရှိလူကြီးဦးဆောင်ကာအင်ဂျင်နီယာတစ်ဦးနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့သည်(ဇုန်ဘီ)ပြန်လည်နေရာချထားရေးနေရာရှိမိလ္လာကန်များအတွင်းမြေအောက်ရေဝင်ရောက်ကာမိလ္လာရေလျှံထွက်မှုအားသွားရောက်စစ်ဆေးခဲ့ပါသည်။ထို့နောက်ရပ်ကွက်အတွင်းနေထိုင်သူအချို့နှင့်အတူအကောင်ဆုံးပြန်လည်ပြုပြင်နိုင်ရန်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည် ဆက်လက်၍ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက် နေ့တွင် TSMC ၊ MJTDနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့သည်ကနဦးအနေဖြင့် အိမ်(၄)အိမ်အတွက် အပိုမိလ္လာကန်စမ်းသပ်တူးဖော်ရန်အတည်ပြုခဲ့ပါသည်။အဆိုပါလုပ်ငန်းကို(ဇုန်-ဘီ) ပြန်လည်နေရာချထားရေးနေရာတွင်နေထိုင်သောအိမ်ပိုင်ရှင်တစ်ဦးမှတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်းတောင်းဆိုမှုအပေါ် သဘောတူလက်ခံခဲ့ပါသည်။၎င်းစမ်းသပ်ချက်၏အကျိုးသက်ရောက်မှုအားTSMCမှဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။

## JET supports to check and repair the toilet condition at Zone B resettlement site (26th January 2018 and 08th February 2018)




In order to support the checking of underground water entering to the septic tanks, Thilawa Special Economic Zone Management Committee (TSMC), an engineer and JICA Expert Team (JET) went to Zone B relocation site on 26th January, 2018, then discussed together with some residents about the current condition and consulted how to repair and maintain in the best way. TSMC decided to make an extra septic tank in order to flow water from existing to new one. The pilot tank was made for 4 houses initially. Regarding with that, a house owner from zone B relocation site requested to take responsible on the process and TSMC accepted. The advantage of the process will be checked by TSMC.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## ဇုန်(ဘီ) စီမံကိန်းကြောင့်ထိခိုက်ခံရသူများနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်း (၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်)




၂၀၁၈ခုနှစ်၊ဖေဖော်ဝါရီလ၁၈ရက်နေ့တွင်TSMCမှဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏ပံ့ပိုးမှုဖြင့် ဇုန်ဘီပြန်လည်နေရာချထားရေးနေရာတွင် ရေအသုံးပြုမှုအလိုက်ငွေကြေးကောက်ခံမည့်ပမာဏအား သဘောတူညီချက်ချမှတ်ရန်အတွက် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများနှင့်အတူအလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုပြုလုပ်ခဲ့ပါသည်။အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့စုစုပေါင်း(၅၇)ဦး တက်ရောက်ခဲ့ကြ ပါသည်။ပထမဦးစွာရေအသုံးပြုမှုနှင့်ကျသင့်ငွေကောက်ခံမှုများ၊ရေထောက်ပံ့ရေးစနစ်အတွက်ပြုပြင်ထိန်းသိမ်းမှုများအပါအဝင်ရေစာရင်းကိုင်၏တာဝန်နှင့်ဝတ္တရားများကိုတက်ရောက်လာသူများအားရှင်းလင်းခဲ့ပါသည်။အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင်တက်ရောက်လာသူများမှရေအသုံးပြုမှုတစ်ယူနစ်အတွက်ကောက်ခံသောပမာဏအားလျှော့ချပေးရန် တောင်းဆိုခဲ့ကြပြီးဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ကြပါသည်။ထို့နောက်တစ်ယူနစ်လျှင်(၃၀၀)ကျပ်နှုန်းဖြင့်ကောက်ခံရန်သဘောတူညီခဲ့ပြီးတက်ရောက်လာသောအိမ်ထောင်စု(၅၃)စုမှသဘောတူကြောင်းလက်မှတ်ရေးထိုးခဲ့ကြပါသည်။ထို့အပြင် မှတ်ပုံတင်ပြုလုပ် ပေးမှု၊ မြေပိုင်ဆိုင်မှုနှင့်အလုပ်အကိုင်ချိတ်ဆက်ပေးခြင်း နှင့် သက်ဆိုင်သော အချက်အလက်များအားကောက်ယူခဲ့ပါသည်။ နောက်ဆုံးတွင် ပြန်လည်နေရာချထားရေးနေရာရှိအိမ်သာများ၏အခြေအနေအား တက်ရောက်သူများနှင့်အတူဆွေးနွေးခဲ့ကြပြီးအိမ်(၄)သို့သွားရောက်စစ်ဆေးခဲ့ကြပါသည်။

## Community Workshop with Zone B PAPs: The agreement for water usage charges and collects the other relevant data (18th Feb, 2018)



On 18th Feb, 2018, a community workshop was held by TSMC at Zone B relocation site and supported by JET in order to get the agreements for water usage charges. 57 participants attended the workshop. Firstly, water usages and charges, maintenance for water supply system and the roles and responsibilities for accountant were explained. During the workshop, participants requested to reduce the water unit charges and made a negotiation with TSMC. After the negotiation, 300 Kyats per unit for water charge was confirmed and 53 households signed on the agreements. Then, the other relevant data regarding with NRC and Census issue, land title permits and job matching process were collected respectively. After that, the toilet issues were discussed and visited to 4 houses to check the sample toilets.

## သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ)မှပြောင်းရွှေ့လူထုများ၏ သန်ခေါင်စာရင်းပြောင်းရွှေ့ခြင်းနှင့်နိုင်ငံသားစိစစ်ရေးကဒ်ပြား ရရှိရန်ကူညီဆောင်ရွက်ပေးခြင်း(၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့်မတ်လ)




ရန်ကုန်တိုင်းဒေသကြီးအစိုးရ(YRG)သည်အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့နှင့်အတူပူးပေါင်း၍ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)မှ ပြောင်းရွှေ့လူထုများအနက်စုစုပေါင်းအိမ်ထောင်စု(၂၅)စုအားသန်းခေါင်စာရင်းပြောင်းရွှေ့ခြင်းကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုအပြင်၂၀၁၈ခုနှစ်၊ မတ်လ (၂၀)ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)မှ ပြောင်းရွှေ့လူထုများအနက် နိုင်ငံသားစိစစ်ရေးကဒ်ပြားမရှိသူများနှင့်ပျောက်ဆုံးသူ စုစုပေါင်းဦးရေ(၆)ဦးအားနိုင်ငံရေးစိစစ်ရေးကဒ်ပြားရရှိအောင်ဆောင်ရွက်ပေးခဲ့ပါသည်။ ယခုအချိန်တွင် လျှောက်ထားသူများထဲမှ ကျန်ရှိနေသော(၆)ဦးအားနိုင်ငံသားစိစစ်ရေးကဒ်ရရှိအောင်ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

## Supporting on applying NRC and transferring the family census for Zone B PAPs (Feb and March 2018)



Yangon Regional Government issued the census transferring for 25 households in zone B relocation site cooperated with Ministry of Labour, Immigration and Population and by the supported of JICA Expert Team. In addition, NRC cards were also issued to those 6 PAPs who had lost their NRC cards and who want to apply the new. Currently, NRC cards for the rest 6 PAPs are under processing.

## (၆) ကြိမ်မြောက်ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု (TCC) အစည်းအဝေးအားကျင်းပခြင်း (၂၀၁၈ ခုနှစ် မတ်လ ၆ ရက်)





၂၀၁၈ခုနှစ်မတ်လ၆ရက်နေ့ တွင် (၆)ကြိမ်မြောက်ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု(TCC)အစည်းအဝေးကိုMJTDတွင်ကျင်းပခဲ့ပါသည်။ထိုအစည်းအဝေးပွဲသို့MJTDမှတာဝန်ရှိလူကြီးများ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊စီမံကိန်းကြောင့်ထိခိုက်ခံရသောကျေးရွာများမှဒေသခံကိုယ်စားလှယ်များ၊TSMCနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှ စုစုပေါင်း(၄၀)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲကျင်းပရခြင်း၏အဓိကရည်ရွယ်ချက်များမှာသီလဝါအထူးစီးပွားရေးဇုန်မှအနီးအနားရှိပတ်ဝန်းကျင်ကျေးရွာများအတွက်ဆောင်ရွက်ပေးရန်စီစဉ်ထားသောဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များနှင့်ဆောင်ရွက်ပေးထားပြီးဖြစ်သောလုပ်ငန်းစဉ်များအားပြန်လည်စစ်ဆေးသုံးသပ်ရန်၊လူထုထံမှတောင်းဆိုချက်များနှင့်မကျေနပ်ချက်များအားသိရှိရန်နှင့်လူထုပါဝင်အသုံးပြုနိုင်သောမကျေနပ်မှုဆိုင်ရာဖြေရှင်းသည့်ယန္တရား(CDOGM)နှင့်သက်ဆိုင်သောအကြောင်းအရာများကိုကနဦးရှင်းလင်းတင်ပြခြင်းတို့ဖြစ်သည်။ပထမဦးစွာMJTDမှမိတ်ဆက်အမှာစကားပြောကြားပြီးသီလဝါအထူးစီးပွားရေးဇုန်၏လက်ရှိဖြစ်ပေါ်နေသောသတင်းအချက်အလက်များကိုတက်ရောက်လာသူများအားမျှဝေခဲ့ပါသည်။ဆက်လက်၍ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များအပေါ်ပြန်လည်သုံးသပ်မှုများပြုလုပ်ခဲ့ကြပြီးလူထု၏တောင်းဆိုမှုများအပေါ်ဆွေးနွေးခဲ့ကြပါသည်။အစည်းအဝေးတွင်အလွမ်းဆွတ်ကျေးရွာဒေသခံတစ်ဦးမှသဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်ခြင်းနှင့်ပတ်သက်၍စိုးရိမ်မှုများရှိခဲ့သည့်အပေါ် MJTDမှပြန်လည်ဖြေရှင်းလင်းပြောကြားခဲ့ပါသည်။ထိုနောက်လူထုပါဝင်အသုံးပြုနိုင်သောမကျေနပ်မှုဆိုင်ရာဖြေရှင်းသည့်ယန္တယား(CDOGM)အားရှင်းလင်းတင်ပြခဲ့ပြီးတက်ရောက်လာသူများနှင့်အတူ ဆွေးနွေးခဲ့ ကြပါသည်။

## 6th Thilawa Community Coordination (TCC) Meeting was held (6th March 2018)



6th Thilawa Community Coordination (TCC) meeting was held at MJTD on 6th March 2018. 40 participants including MJTD, village administrators, representatives from project affected communities (PACs), TSMC and the technical support of JICA Expert Team attended the meeting. The objectives of the meeting are to review the development activities for PACs that have been done and planning by MJTD, to know the requests and complaints from community and to share the idea of Community-Driven Operational Grievance Mechanism (CDOGM). Firstly, MJTD gave an opening remark and shared the updated SEZ information. Continuously, MJTD reviewed the development activities and discussed with the participants from PACs on their requests. During the meeting, a villager from Ah Lun Sok Village raised concern over the environment issues that they have worried about and MJTD explained to understand. After the meeting, CDOGM was introduced by the design committee member and made the discussion among the participants together.

## ဇုန်ဘီပြန်လည်နေရာချထားရေးနေရာတွင်အားနည်းသောမိသားစုများအတွက်စတင်ထောက်ပံ့ခြင်း (၂၀၁၈ ခုနှစ် မတ်လ ၁၉ရက် မှ ၂၃ရက်အထိ)





မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်ဖြင့်အပိုင်း(ခ)မှပြောင်းရွှေ့နေထိုင်သူများနေထိုင်သည့်ပြန်လည်နေရာချထားရေးနေရာမြို့သာယာတိုးချဲ့ရပ်ကွက်တွင်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏ပံ့ပိုးကူညီမှုဖြင့်သတ်မှတ်ချက်နှင့်ကိုက်ညီသည့်အကျုံးဝင်အိမ်ထောင်စု(၂၀)ကို (၁၉.၃.၂၀၁၈) ရက်နေ့မှ (၂၃.၃.၂၀၁၈)ရက်နေ့အထိ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှထောက်ပံ့ပေးခဲ့ပါသည်။

## Vulnerable People Program was started on providing at Zone B relocation site (19th to 23rd March, 2018)





The in-kind provision support in Vulnerable People Program (VPP) was started at Zone B relocation site on 19th March 2018 by TSMC with the technical support of JET. In accordance with VPP criteria, 20 households were identified as vulnerable families.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## သီလဝါအထူးစီးပွားရေးဇုန်မကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ထုံးလုပ် နည်း၏လုပ်ငန်းစဉ်များအားရှင်းလင်းခြင်း (၂၀၁၈ခုနှစ်၊ မတ်လ၊ ၂၉ရက်)





၂၀၁၈ခုနှစ်၊ မတ်လ၊ (၂၉) ရက်နေ့တွင် TSMC သည် စီမံကိန်းကြောင့်ထိခိုက်ခံရသော ကျေးရွာများမှ နေထိုင်သူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံကာသီလဝါအထူးစီးပွားရေးဇုန်မကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း(TCMP)၏လုပ်ငန်းစဉ်များအားရှင်းလင်းတင်ပြခဲ့ပါ သည်။အဆိုပါအစည်းအဝေးသို့PTNDအဖွဲ့၊CDOGMဒီဗိုင်းရေးဆွဲသူ များအဖွဲ့၊သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)နှင့်(ခ)တို့မှပြောင်း ရွှေ့နေထိုင်သည့်အိမ်ထောင်စုများအပါအဝင်(၃၁)ဦးတက်ရောက်ခဲ့ ကြပါသည်။အစည်းအဝေးတွင်သီလဝါအထူးစီးပွားရေးဇုန်မှမကျေနပ် မှုဆိုင်ရာဖြေရှင်းသည့်ယန္တရား(TCMP)အပေါ် ဒေသခံလူထုအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်စေလိုကြောင်းပြောကြားခဲ့ပြီးတက်ရောက် လာသောဒေသခံများမှTCMPနှင့်ပတ်သက်၍၎င်းတို့သိရှိလိုသောမေး ခွန်းများကိုမေးမြန်းခြင်း၊အကြံပေးခြင်းများပြုလုပ်ခဲ့ပါသည်။

## Sharing the idea of Thilawa Complaint Management Procedure (TCMP) (29th March 2018)



On 29th March 2018, TSMC made a meeting with the local people from project affective community including PAPs from Zone A and B, village/ward administrators, representatives from community and elders of community in order to share the idea of TCMP by the support of JET. Total 31 people attended the meeting. During the meeting, the participants raised their questions, concerns and suggestions. And then TSMC requested the stakeholders to engage and support on driving of Thilawa grievance mechanism (TCMP).